Chin National Front
General Headquarters
CHINLAND

**Clarification of Chin National Front Regarding Allegations of “Myanmar Group” Attempting to Assassinate the Wife of India’s President**

The Chin National Front is shocked and dismayed to have come across the Times of India’s news article of December 3, 1999 with a title “Myanmar group threatens President’s Wife,” which accused the Chin National Front of attempting to assassinate India’s First Lady Mrs. Usha Narayanan.

This accusation had first surfaced in September of 1997 among India’s intelligence circles. Taking the matter seriously, the Chin National Front gave full clarification about the accusation to concerned intelligence officials explaining that the allegations were staged and unfounded. The allegations contained in the Times of India’s December 3, 1999 issue drew its source from fabricated news that Indian intelligence officials had already come across in 1997 and thus have no foundation whatsoever. Regretfully, the news article is completely wrong about the allegations.

There are no members of the Chin National Front who are in jails in Mizoram, nor are there any Thangzo and Sangitali within the CNF membership, as the Times of India reported. Neither has the Chin National Front ever attempted to meet or communicate with the President’s wife.

The Chin National Front sees this whole episode of accusations as a well calculated and premeditated attempt by General Khin Nyunt and his Burmese intelligence apparatus to create discord between the Chin National Front and the Indian intelligence. The Chin National Front is an organization that is fighting hand in hand with other ethnic nationalities against the illegitimate military regime of Burma in order to restore the fundamental and democratic rights of the Chin people.

The Chin National Front will never engage itself with activities that will harm the public order, law and order and security of India, a country that honors democracy. On the contrary, the Chin National Front is committed to maintaining a warm and friendly relationship with both the Central and State Governments.

It is conceivable that in the future the Burmese military intelligence will continue to manipulate the situation by fabricating this kind of news. But it is imperative that due discretion be exercised when assessing the credibility of such allegations.

The Chin National Front, therefore, respectfully urges both concerned government officials and such respectable news agency as The Times of India to not play tunes to the ears of the illegitimate Burmese military regime by not duly assessing the credibility of such news sources.

Central Committee
Chin National Front
December 6, 1999

## မြန်မာအုပ်စုအဖွဲ့မှ အိန္ဒိယသမ္မတကတော် ခြိမ်းခြောက်ခြင်းဟူသော သတင်းဖော်ပြချက်အပေါ် ချင်းအမျိုးသားတပ်ဦး၏ ရှင်းလင်းချက်

၁၉၉၉ခုနှစ်၊ ဒီဇင်ဘာလ (၃) ရက်နေ့ထုတ် The Times of of India သတင်းစာတွင် Myanmar Group Threatens President's Wife ခေါင်းစဉ်ဖြင့်သတင်းထုပ်ပြန်ရာတွင် ချင်းအမျိုးသားတပ်ဦးက အိန္ဒိယသမ္မတ၏ ကတော် Mrs. Usha Marayanan အားလုပ်ကြံရန်ကြံစည်သည်ဟု ရေးသားဖော်ပြချက် ဖတ်ရရှုသဖြင့် လွန်စွာအံ့သြ၍ စိတ်မကောင်းဖြစ်မိပါသည်။

ဤသတင်းကို အိန္ဒိယအစိုးရထောက်လှမ်းရေးဌာနများတွင် ၁၉၉၇ ခုနှစ်၊ စက်တင်ဘာလတွင် စတင် ပြောဆိုခဲ့ဘူးပြီး ဖြစ်သည်။ မိမိတို့ချင်းအမျိုးသားတပ်ဦးအနေဖြင့် အခြေအမြစ်မရှိသော လုပ်ကြံသတင်းသာ ဖြစ်ကြောင်းသက်ဆိုင် ရာထောက်လှမ်းရေးဌာနများအား တွေ့ဆုံရှင်းလင်းခဲ့ပြီးဖြစ်သည်။ The Times of India သတင်းစာ၏ ဒီဇင်ဘာလ (၃)ရက်နေ့ထုတ်သတင်းရေးသားချက်များသည် ၁၉၉၇ခုနှစ်၊ စက်တင်ဘာလ၌ ထောက်လှမ်းရေး ဌာနများက ပြောဆိုခဲ့ဘူးသောလုပ်ကြံသတင်း၏ နောက်ဆက်တွဲသာဖြစ်၍ အခြေအမြစ်လုံးဝမရှိသော သတင်းသာ ဖြစ်ပေသည်။ ထို့ကြောင့် ဤသတင်းသည် လုံးဝမှားယွင်း သောရေးသား ချက်သာလျှင်ဖြစ်သည်။

မီဇိုရမ်အကျဉ်းထောင်တွင် ချင်းအမျိုးသားတပ်ဦးအဖွဲ့ဝင်များ ဖမ်းဆီးထောင်ချခြင်းခံနေရသည်ဟူသော သတင်း ရေးသားချက်သည်လည်း လုံးဝမဟုတ်မမှန်သည့်အပြင် Thangzo နှင့် Sangitali ဟူသော လူနာမည် သည် ချင်းအမျိုးသားတပ်ဦးတွင် မရှိပေ။ ထို့အပြင် အိန္ဒိယသမ္မတကတော်ကို တွေ့ဆုံရန် ကြိုးစားခြင်း နှင့်ဆက်သွယ် ခြင်းလည်းမပြုလုပ်ခဲ့ဘူးပေ။

ဤသတင်းလုပ်ကြံမှုသည် ဗိုလ်ချုပ်ခင်ညွန့်ဦးစီးသော မြန်မာစစ်ထောက်လှမ်းရေးတပ်ဖွဲ့က ချင်းအမျိုးသား တပ်ဦးနှင့် အိန္ဒိယအစိုးရအကြား ရန်တိုက်ပေးနိုင်ရန် ရည်ရွယ်ချက်ရှိရှိဖြင့် အကွက်ဆင်အားထုတ်သော လုပ်ရပ်သာ ဖြစ်သည်ဟု ချင်းအမျိုးသားတပ်ဦးက ရှုမြင်သုံးသပ်ပါသည်။

မိမိတို့ချင်းအမျိုးသားတပ်ဦးသည် တရားမဝင်သော မြန်မာစစ်အုပ်စုအစိုးရကို ဆန့်ကျင်တော်လှန်၍ မိမိတို့ ချင်းအမျိုးသား၏ ဒီမိုကရေစီအခွင့်အရေး၊ လူ့အခွင့်အရေးပြန်လည်ရရှိရေးအပြင် အခြားသော တိုင်းရင်းသားပြည်သူ များနှင့်လက်တွဲ၍ ဖက်ဒရယ်ပြည်ထောင်စု ပြန်လည်တည်ဆောက်ရေးအတွက် တိုက်ပွဲဝင် နေသော အဖွဲ့ဖြစ်ပါသည်။

သို့ဖြစ်၍ ဒီမိုကရေစီကျင့်သုံးထွန်းကားနေသော အိန္ဒိယနိုင်ငံနှင့်ပြည်သူလူထု၏ လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးကို ထိခိုက်စေသောလုပ်ရပ်များလုံးဝပြုလုပ်မည်မဟုတ်ပေ။ ဗဟိုအစိုးရနှင့်၎င်း၊ ဒေသဆိုင်ရာအစိုးရများနှင့်၎င်း၊ ချစ်ကြည် သင့်မြတ်စွာ ဆက်ဆံနိုင်ရေးအမြဲကြိုးစားနေပါသည်။

နောက်နောင်တွင်လည်း ဤလုပ်ရပ်မျိုးကို ကောက်ကျစ်စဉ်းလဲသော မြန်မာစစ်ထောက်လှမ်းရေးအဖွဲ့က လုပ်ကြံ သတင်းမျိုး ဆက်လက်ပြုလုပ်နိုင်ပါသည်။ ဤသို့သော အခြေအနေတွင် သက်ဆိုင်ရာအစိုးရ တာဝန်ရှိ ပုဂ္ဂိုလ်များက

ငင်း၊ သိက္ခာရှိ၍ လွတ်လပ်သော သတင်းစာတိုက်ကြီးများကငင်း၊ သတိရှိရှိသုံးသပ်လျှက် အဖျက်လုပ်ငန်းဖြင့် အာဏာဆက်လက် ချုပ်ကိုင်နိုင်ရေးအားထုတ်နေသော မြန်မာစစ်အစိုးရ၏လုပ်ရပ်ကို နားမယောင်မိစေရေး သတိပြု ကြပါရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

**ဗဟိုကော်မီတီ**
**ချင်းအမျိုးသားတပ်ဦး**
**၁၉၉၉ခုနှစ်၊ ဒီဇင်ဘာလ (၆) ရက်နေ့**